# ၁၉၅၇ ခုနှစ်၊ ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၃။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၇ ခုနှစ်၊ ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယ (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ကောဇာသက္ကရာဇ် ၁၃၁၂ ခုနှစ် (သာသနာတော်သက္ကရာဇ် ၂၄၉၄ ခုနှစ်) ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယအက်ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (၂) ၏ အပိုဒ် (င)၊ (ဗ) နှင့် (ဆ) တို့ကို ပယ်ဖျက်ရမည်။

၃။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၁၃ တွင်—

(က) ပုဒ်မခွဲ (၁) ၌ " တွဲဘက်အတွင်းရေးမှူး " ဆိုသည့်စကားရပ် အသီးသီးအစား၊ " ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယဌာန အုပ်ချုပ်ရေးမှူး " ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (၂) ၌၊ " ဗဟိုအဖွဲ့ " ဆိုသည့်စကားရပ်အစား၊ " ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယဌာန " ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည့်ပြင်၊ " တွဲဘက်အတွင်းရေးမှူး " ဆိုသည့်စကားရပ်အစား၊ " ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယဌာန အုပ်ချုပ်ရေးမှူး " ဆိုသည့်စကားရပ်ကိုလည်း ထည့်သွင်းရမည်။

၄။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၁၄ ကိုပယ်ဖျက်ရမည်။

၅။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၁၅ တွင် " ဤဥပဒေ " ဆိုသည့်စကားရပ်အစား၊ " ဤအက်ဥပဒေ " ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၆။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (၅) တွင် " တွဲဘက်အတွင်းရေးမှူးတို့သည် " ဆိုသည့်စကားရပ်အစား၊ " ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယဌာန အုပ်ချုပ်ရေးမှူးတို့သည် " ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၇။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၂၀ ကိုပယ်ဖျက်ရမည်။

၈။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၂၂ တွင် " တွဲဘက်အတွင်းရေးမှူး " ဆိုသည့်စကားရပ်အစား၊ " ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယဌာနအုပ်ချုပ်ရေးမှူး " ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၉။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၂၅ ကို ပယ်ဖျက်ရမည်။

၁၀။ ။အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၂၇ တွင် " သို့တည်းမဟုတ် အခြားသော အလှူရှင်သည် " ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၁၁။ ။အဆိုပါ အက်ဥပဒေ၏ ပဋ္ဌမဇယားတွင် " ဗဟိုအဖွဲ့ " ဆိုသည့် စကားရပ်အစား၊ " ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယဌာန " ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

အဘိုး—၁၀ ပြား]

ပ၊မ.ဗ၊စ၊—အမှတ် ၂၀၅၊ တရားရေးပန်ကြီးဌာန၊ ၇-၅-၅၇—၂,၂၀၀—၂။